## ဘုရားသခင်၏အကြံအစည်တော်- ကြီးမားသောပုံပြင်- IDMM

GOD'S PLAN - THE BIG STORY – IDMM

**နေ့စွဲ**- ၁၈/၁၉ (နှစ်နာရီ)

**ရည်မှန်းချက်များ**- ဤသင်ခန်းစာလုပ်ဆောင်ပြီးစီးသည့်နောက်တွင် ပါဝင်လုပ်ဆောင်သူများ (သင်တန်းသား၊သူ) သည်-

၁. ဖန်ဆင်းခြင်း၊ ကျဆုံးခြင်းနှင့် ရွေးနုတ်ခြင်း ပုံပြင်များသည် ဆင်းရဲနွမ်းပါးခြင်းကို ကျွန်တော်တို့ အဓိပ္ပါယ်ရှင်းလင်းဖော်ပြသည့်လမ်းစဉ်နှင့် လူ့အသိုင်းအဝိုင်းတစ်ခုပြောင်းလဲမှုကို ချဉ်းကပ်သည့်လမ်းစဉ်အား အဘယ်ကဲ့သို့အကျိုးသက်ရောက်သည်ကို နားလည်နိုင်လိမ့်မည်။

၂. ကြီးမားသောပုံပြင်အပေါ် စဉ်းစားဆင်ခြင်နိုင်ခြင်းနှင့် ကြီးမားသောပုံပြင်ကိုအခြားသူများထံသို့ ဝေမျှနိုင်လိမ့်မည်။

**သင်တန်းဆရာများအတွက် ချိုင့်သုံးသပ်ခြင်း**- ဤသင်ခန်းစာသည် တပည့်တော်ဖြစ်စေခြင်း လှုပ် ရှားမှု ချဉ်းကပ်ခြင်းကို အသုံးပြုသည်။ သင်ခန်းစာကို တိုတောင်းသောသင်ခန်းစာနှစ်ခုအဖြစ် ခွဲခြားနိုင်သည်။

### အပိုင်း ၁- ဖန်ဆင်းခြင်း- ဘုရားသခင်၏မူလအစရည်ရွယ်ချက်

**သရုပ်ဖော်ခြင်း**- အခြား လူ သုံးယောက်သည် ဟန်ပန်အမူအရာဖြင့်သရုပ်ဖော်နေချိန် တစ်ဦးဦးက အောက်ပါ ဝါကျများကိုဖတ်ပါ။ လေးနက်ထင်ရှားမှုက ဘုရားသခင်သည် ရှိသမျှအရာအားလုံးကိုကောင်း မွန်စွာဖန်ဆင်းခဲ့ ခြင်း၊ သူဖန်ဆင်းထားသောအရာများနှင့် ညီညွတ်ခြင်း/သဘောကျကျေနပ်နှစ်သက်ခြင်း အကြောင်းပေါ် ဖြစ်စေရမည်။

**ပထမနေ့** -ဘုရားသခင်သည် အလင်းကိုဖန်ဆင်းခဲ့ပြီး ၎င်းကို နေ့ဟူ၍၎င်း၊ မှောင်မိုက်ကို ည ဟူ ၍၎င်း ခေါ်ခဲ့သည်။ ထိုအလင်းကောင်းကြောင်းကို ဘုရားသခင်မြင်တော်မူ၏။

**ဒုတိယနေ့** -ဘုရားသခင်သည် မိုးကောင်းကင်ကိုဖန်ဆင်းခဲ့ပြီး ၎င်းသည် ကောင်းသည်ကို ဘုရားသခင်မြင်တော်မူ၏။

**တတိယနေ့** - ဘုရားသခင်သည် မြေကြီး၊ ပင်လယ်နှင့် အပင်များတို့ကို ဖန်ဆင်းတော်မူခဲ့၏။ ၎င်း သည် ကောင်းသည်ကို ဘုရားသခင်မြင်တော်မူ၏။

**စတုတ္ထနေ့** -ဘုရားသခင်သည် နေ၊ လနှင့် ကြယ်များကို ဖန်ဆင်းခဲ့၏။ ၎င်း သည်ကောင်းသည်ကို ဘုရားသခင်မြင်တော်မူ၏။

**ပဥ္စမနေ့** - ဘုရားသခင်သည် ငါးနှင့် ငှက်များကိုဖန်ဆင်းခဲ့၏။ ၎င်း သည်ကောင်းသည်ကို ဘုရားသခင်မြင်တော်မူ၏။

**ဆဋ္ဌမနေ့** -ဘုရားသခင်သည် တိရစ္ဆာန်နှင့် လူကိုဖန်ဆင်းခဲ့သည်။ ဘုရားသခင်သည် သူဖန်ဆင်းခဲ့ သမျှအားလုံးကိုမြင်ခဲ့ပြီး ထိုအရာအားလုံးသည် အလွန်ကောင်းမွန်သည်ကို မြင်ခဲ့၏။

**သတ္တမနေ့** -ဘုရားသခင်သည် သူ၏အလုပ်မှနား၍ ငြိမ်ဝပ်စွာနေခဲ့၏။

-------SH မေးခွန်းများ----------------
S= သင်ဘာကိုမြင်သနည်း။
H= ဘာ တွေ ဖြစ်ပျက်ခဲ့သနည်း။

**I. ဖန်ဆင်းခြင်း- ဘုရားသခင်၏မူလအစရည်ရွယ်ချက် (၁၀”)**

**က၊ <u>ကမ္ဘာဦးကျမ်း ၁း၂၆-၃၁ တွင် လူယောကျ်ား/မိန်းမနှင့်ပတ်သက်၍ အဓိကအချက်များသည် အဘယ်နည်း။</u>**

ကမ္ဘာဦးကျမ်း ၁း၂၆-၃၁ ကိုအတူတကွဖတ်ပြီး မေးခွန်းကိုဖြေဆိုပါ။ သင်ပုန်း သို့မဟုတ် စက္ကူပေါ်တွင် သော့ချက်များကိုစာရင်းပြုစုရန် ကျမ်းပြုစုသူအားတောင်းဆိုပါ။

၁၊ ဘုရားသခင်သည် အဦးဆုံးသောလူကို သူ၏ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းခဲ့သည်။

၂၊ ဘုရားသခင်သည် ပြည့်စုံသည်။ ထို့ကြောင့် သူ၏ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းခဲ့သောလူသည် ပြည့်စုံသည်။

၃၊ အစအဦး၌ လူယောကျ်ားနှင့်လူမိန်းမတို့သည် ဘုရားသခင်နှင့်အတူ ညီညွတ်စွာ၊ငြိမ်သက်စွာနေထိုင်ခဲ့သည်။

၄၊ လူယောကျ်ားနှင့်လူမိန်းမတို့သည် သူတို့ကိုယ်သူတို့လည်းကောင်း၊ အခြားအရာများနှင့်လည်းကောင်း၊ သဘာဝနှင့်သော်လည်းကောင်း ညီညွတ်စွာနေထိုင်ခဲ့သည်။

၅၊ “ထိုအရာသည် အလွန်ကောင်း၏”ဟု ဘုရားသခင်ပြောဆိုခဲ့သည်။

၆၊ လူယောကျ်ားနှင့်လူမိန်းမတို့ကို ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းခဲ့သည်။ သူတို့သည် ခြားနားသော်လည်း ညီတူညီမျှဖြစ်သည်။

၇၊ လူယောကျ်ားသည် ကမ္ဘာမြေကြီးကို ဘဏ္ဍာစိုးဖြစ်သည်။ သူသည် ရှိရှိသမျှအရာများကြီးပွါးတိုးတက်စေရန်တာဝန်ရှိပြီး ထိုကမ္ဘာမြေကြီး၏သယံဇာတပစ္စည်းများကိုလည်း စီ မံခန့်ခွဲအုပ်ချုပ်ပိုင်ခွင့်ရှိသည်။

၈၊ လူယောကျ်ားသည် လုပ်ငန်းတာဝန်တစ်ခုကို ထမ်းဆောင်ရန် ကောင်းကြီးခံစားခဲ့ ရ သည်။ လုပ်ငန်းသည် ဘုရားအတွက်သီးသန့် လုပ်ဆောင်ခြင်းဖြစ်သည်။

၉၊ ကမ္ဘာမြေကြီးတစ်ခုလုံးကိုလုံးဝတရားဝင်အုပ်စိုးရန် ဘုရားသခင်သည်လူအားအခွင့်ပေးခဲ့သည်။

**II. အခြေခံဆက်သွယ်မှုများ လေးခု (၃၀”)**

**က၊ <u>ကျွန်တော်တို့ဖတ်ပြီးသောကျမ်းချက်များမှ လူတွင်ရှိသောအခြေခံဆက်သွယ်မှုများလေးခုကား အဘယ် အရာ နည်း။</u>**

<u>အခြေခံဆက်သွယ်မှုများလေးခုအား အညွှန်းမပါဘဲ</u> လူတွင်ရှိသောအခြေခံဆက်သွယ်မှုများလေးခု၏ပုံကို ဆွဲပါ။

သူတို့အားအမည်ပေးထားသည့်အတိုင်း ရုပ်ပုံသို့ သူတို့ကိုပေါင်းထည့်ပါ။

၁၊ ဘုရားသခင်နှင့်အတူ

၂၊ မိမိကိုယ်မိမိနှင့်အတူ

၃၊ အခြားသူများနှင့်အတူ

၄၊ ဖန်းဆင်းထားသောကျန်ရှိသည့်အရာများနှင့်အတူ။ ဤဆက်သွယ်မှုများကိုကောင်းစွာလုပ်

ဆောင်သောအခါ ကျွန်တော်တို့တွင် ညီညွတ်ခြင်း=ငြိမ်သက်ခြင်း=ရှာလုံ ရှိသည်။

**ခ၊ ဤဆက်သွယ်မှုများလေးခု၌ ညီညွတ်စွာနေထိုင်ရန်ဟူသည် မှာ မည်ကဲ့သို့အဓိပ္ပါယ်ရှိသနည်း။**

အဖွဲ့ငယ်လေးဖွဲ့ခွဲပါ။ တစ်ဖွဲ့စီအား ဖြေဆိုရန် မေးခွန်းတစ်ခုကိုမေးပြီး အစီရင်ခံစေပါ။ သင်တန်းမှူးသော့ချက်အချို့ကို ဖြည့်စွက်လိမ့်မည်။

၁၊ ဘုရားသခင်နှင့်အတူ ညီညွတ်စွာနေထိုင်ရန်ဟူသည် မည်ကဲ့သို့ဆိုလိုရင်းရှိသနည်း။ (ဖန်ဆင်းခြင်း၌ရှိခဲ့သကဲ့သို့)

၂၊ မိမိကိုယ်မိမိနှင့်အတူ ညီညွတ်စွာနေထိုင်ရန်ဟူသည် မည်ကဲ့သို့ဆိုလိုရင်းရှိသနည်း။

၃၊ အခြားသူများနှင့်အတူ ညီညွတ်စွာနေထိုင်ရန်ဟူသည် မည်ကဲ့သို့ဆိုလိုရင်းရှိသနည်း။ (သို့မဟုတ် အာဒံနှင့်ဧဝတို့အကြား)

၄၊ ဖန်းဆင်းထားသောကျန်ရှိသည့်အရာများနှင့်အတူညီညွတ်စွာနေထိုင်ရန်ဟူသည် မည်ကဲ့သို့ဆိုလိုရင်းရှိသနည်း။

**ဂ၊ ဘုရားသခင်နှင့်အတူ (ဖန်ဆင်းခြင်း၌ရှိခဲ့သကဲ့သို့) နေထိုင်ခြင်းဟူသည် မည်သို့ဆိုလိုရင်းရှိသနည်း။**

၁၊ ဘုရားသခင်နှင့်ဆက်သွယ်မှုတစ်ခုရှိခြင်း

၂၊ အသက်ရှင်သောသတ္တဝါဖြစ်ခြင်း၊ ဘုရားသခင်သည် သူ၏နှာခေါင်းထဲသို့ ဇီဝအသက်ကိုမှုတ်ခဲ့သည်။ က ၂း၇

၃၊ ဘုရားသခင်နှင့်အတူ ပုံမှန်စကားပြောခြင်းနှင့် သူ့စကားကို နားထောင်ခြင်း (ဘုရားသခင်နှင့် မိတ်သဟာယ)

၄၊ ကိုယ်တော်၏အလိုတော်ကိုရှာခြင်းနှင့် ကိုယ်တော်အားနာခံခြင်း

၅၊ ကိုယ် တော်အားချီးမွမ်းခြင်းနှင့် ဘုန်းကြီးစေခြင်း

၆၊ ဘုရားသခင်အား သြဇာခံခြင်း/လိုက်နာခြင်း

၇၊ ဘုရားသခင်အား ကျေနပ်နှစ်သက်စေလိုခြင်း

၈၊ ဘုရားသခင်အားကိုးစားခြင်း

၉၊ ကမ္ဘာပေါ်တွင် ဘုရားသခင်ပေးခဲ့သောအခွင့် အာ ဏာကို ကျင့်သုံးခြင်း

၁၀၊ အလုပ်လုပ်ရန်နှင့် တိုင်းပြည်ကြီးပွါးတိုးတက်ရန် ကောင်းကြီးခံစားခြင်း

၁၁၊ ဘုရားသခင်ထံမှချီးမြှောက်ခြင်းကို ကျွန်တော်တို့လက်ခံရရှိသည်။

**ဃ၊ မိမိကိုယ်မိမိညီညွတ်စွာနေထိုင်ခြင်းဟူသည် မည်သို့ဆိုလိုရင်းရှိသနည်း။**

၁၊ ကျွန်တော်တို့တွင် ခန္ဓာ၊ စိတ်နှင့် ဝိညာဉ် ဖန်ဆင်းထားမှုနှင့် တစ်ခုစီတိုင်းသည် ဂရုစိုက်ရန်လိုအပ်သည်ကို နားလည်သဘောပေါက်ခြင်း၊

၂၊ကျွန်တော်တို့သည်ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းထားခြင်းခံရသည်သို့သော်လည်း လူသားအကန့်အသတ်နှင့်ဖန်ဆင်းထားသည်ကို နားလည်သဘောပေါက်ခြင်း၊

၃၊ ကျွန်တော်တို့၏ကိုယ်ပိုင်လက္ခဏာနှင့် ဘုရားသခင်ပေးသော ချီးမြှောက်ခြင်းကို ရှာဖွေခြင်း

၄၊ ကျွန်တော်တို့အားဘုရားသခင်ကြည့်ရှုသကဲ့သို့ မိမိကိုယ်မိမိကြည့်ရှုခြင်း

၅၊ ကျွန်တော်တို့၏ငြိမ်သက်ခြင်းသည် ဘုရားသခင်နှင့်ကျွန်တော်တို့၏ဆက်သွယ်မှုအပေါ်တွင်

အခြေခံသည်ကို နားလည်သဘောပေါက်ခြင်း

၆၊ ကောင်းသောစိတ်ထိခိုက်လုပ်ရှားခြင်း၊ ကိုယ်ခန္ဓာ၊ လူမှုရေး နှင့်ဝိညာဉ်ရေးနှင့်ဆိုင်သော ကျန်းမာရေးကို ထိန်းသိမ်းစောင့်ရှောက်ခြင်း

**င၊ <u>အခြားသူများနှင့်ညီညွတ်စွာနေထိုင်ခြင်းဟူသည် (မည်သို့ဆိုလိုရင်းရှိသနည်း။)</u>**

၁၊ သူတို့သည် ညီတူညီမျှဖြစ်သော်လည်း ခြားနားသည်ဟူသည်ကို နားလည်သဘောပေါက်ခြင်း

၂၊ လူယောကျ်ားနှင့်လူမိန်းမတို့သည် သူတို့၏လက္ခဏာများကို သိကြသည်။ အခြားသောသူများ၏ လက္ခဏာများ (ကောင်းမွန်သောဂုဏ်နီးမှု၊ တပ်မက်လိုချင်စိတ်ပြင်းပြမှုမရှိခြင်း၊ ငြင်းပယ်ခြင်းမရှိခြင်း၊ လိင်ရှုပ်ထွေးမှုမရှိခြင်း) ကိုလည်း လက်ခံသည်။

၃၊ လူယောကျ်ားသည် သူ၏ဇနီးသည်အား လုံခြုံမှုကိုပေးသည်။

၄၊ လိင်ဆက်ဆံမှုသည် ဤညီညွတ်ခြင်းတွင် အစိတ်အပိုင်းဖြစ်သည်။

၅၊ ကမ္ဘာမြေကြီးကိုသူတို့အုပ်စိုးသကဲ့သို့ အတူခံစားခြင်းနှင့် တစ်စုတည်းဖြစ်ခြင်း

၆၊ ကျွန်တော်တို့၏ကိုယ်ပိုင်အကန့်အသတ်များနှင့် အခြားသူများ၏အကန့်အသတ်များကို နားလည်သဘောပေါက်ခြင်း၊

၇၊ ပွဲများစေခြင်းသည် ဤညီညွတ်ခြင်း၏အစိတ်အပိုင်းဖြစ်သည်။

၈၊ မိမိကိုယ်မိမိနှင့် ဘုရားသခင်ဖန်ဆင်းခဲ့သည့်အတိုင်း ကိုယ်နှင့်စပ်ဆိုင်သူများကိုချစ်ခြင်း

**စ၊ <u>ဖန်ဆင်းထားသောကျန်ရှိသည့်အရာများနှင့်ညီညွတ်စွာနေထိုင်ခြင်းဟူသည် မည်သို့ဆိုလိုရင်းရှိသနည်း။</u>**

၁၊ တိရစ္ဆာန်အပေါင်းနှင့်ကမ္ဘာမြေကြီးအပေါ် အုပ်ချုပ်သည်။

၂၊ ဘုရားသခင်သည် သဘာဝမြေမျက်နှာပြင်ဆိုင်ရာတရားဥပဒေများ (ကမ္ဘာမြေထု၏ဆွဲငင်အားကဲ့သို့သော) နှင့်အတူ သဘာဝကိုဖန်ဆင်းခဲ့သည်။ ကျွန်တော်တို့သည် ထိုအရာများကိုရှာရမည်။

၃၊ ဘုရားသခင်၏သယံဇာတအရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ကြီးပွါးတိုးတက်စေခြင်း

၄၊ ကုန်းမြေအား အဘယ်ကဲ့သို့ကြီးပွါးတိုးတက်စေရန်ကို နားလည်သဘောပေါက်ခြင်း

၅၊ ကုန်းမြေနှင့်သဘာဝသယံဇာတအရင်းအမြစ်များကို အဘယ်ကဲ့သို့အသုံးပြုရန်ကို နားလည်သဘောပေါက်ခြင်း

၆၊ ဘုရားသခင်သည် ပြီးပြည့်စုံသောကမ္ဘာမြေကြီးကို ဖန်ဆင်းခဲ့သည်။ သို့သော်လည်း ဤကမ္ဘာမြေကြီး၏ပြည့်ဝသောစွမ်းအားကို ရှာဖွေတွေ့ရှိခဲ့သည်။ ကြီးပွါးတိုးတက်ခဲ့သည်။

၇၊ ဘုရားသခင်သည် သူဖန်ဆင်းထားသောအရာများကို ဘဏ္ဍာစိုးများဖြစ်ရန် ကျွန်တော်တို့အား ဖန်ဆင်းခဲ့သည်။ (က ၁း၂၈-၃၁)

**ဆ၊ <u>အကျဉ်းချုပ်- ကျွန်တော်တို့သည် အောက်ပါတို့နှင့်အတူ ညီညွတ်စေရန် ဖန်ဆင်း ခံ ခဲ့ရသည်။</u>**

၁၊ ဘုရားသခင်

၂၊ မိမိကိုယ်မိမိ

၃၊ တစ်ဦးနှင့်တစ်ဦး

၄၊ ကျန်သဘာဝအရာ
ဤဆက်သွယ်မှုလေးခုသည် ကောင်းမွန်စွာအလုပ်လုပ်သောအခါ ကျွန်တော်တို့တွင် ရှာလုံ-ဘုရားသခင်၏ငြိမ်သက်ခြင်းနှင့် လုံးလုံးလျားလျားပြည့်စုံမှု ရှိသည်။ ဤအရာသည်အသက်ရှင်နေထိုင်ရန်ကျွန်တော်တို့အားခေါ်သော ဘုရားသခင်၏နိုင်ငံတော်နှင့် အုပ်ချုပ်မှု ဖြစ်သည်။

**မတ်တတ်ရပ်ပါ၊ ဆွဲဆန့်ပါ။**

---

**အပိုင်း (၂) - ကျဆုံးခြင်း- လူသား၏တော်လှန်ပုန်ကန်ခြင်း- ဤကမ္ဘာပေါ်တွင် အမှားက ဘာလဲ။**

**III. ကျဆုံးခြင်း- တော်လှန်ပုန်ကန်ခြင်း (၁၀")**

**နိဒါန်း- (၅")**

ရှင်းပြခြင်း- ကြီးမားသောပုံပြင်တွင် အခြားသောအခန်းရှိသည်။

သင်တန်းမှူး က ပုံပြောဆိုခြင်းဖြင့် စတင်ပါ။ "သခင်ဘုရားသည် ဒေင်ဥယျာဉ်၌ အလုပ်လုပ်ရန်နှင့် ပြုစုစောင့်နေရန် လူကိုထိုဥယျာဉ်၌ နေရာချထားခဲ့သည်။ ထို့နောက် ဘုရားသခင်သည် လူအား "ထိုဥယာဉ်ထဲ၌ရှိသော အဘယ်အပင်၏အသီးကိုမဆို သင်စားရသောအခွင့်ရှိ သည်။ သို့သော် ကောင်းမကောင်းကိုသိကျွမ်းရာအပင်၏အသီးကိုကား မစားရ၊ စားသောနေ့တွင် ကေန်အမှန်သေရမည် ဟုမိန့်တော်မူခဲ့၏။ (က ၂း၁၅-၁၇)

**၎င်းနောက် ဘာဖြစ်ပျက်သနည်း။ လူသားကျဆုံးခြင်း၏ပုံပြင်က အဘယ်နည်း။**

ရွေးချယ်ရာ ၁- ကျွန်တော်တို့ထဲမှတစ်ဦးစီတိုင်းသည် ပုံပြင်ကိုပြောဆိုရန် ဝါကျတစ်ကြောင်းဆီ ပြောပါ။ သင်မသိလျှင်လည်း စိတ်မပူပါနှင့်။ သင်အနီးအနားရှိသူထံကျော်လိုက်ပါ။

ရွေးချယ်မှု ၂- အခြားသူများသည် ပုံပြင်ကိုသရုပ်ဖေါ်နေစဉ် တစ်ဦးအား ကမ္ဘာဦးကျမ်း ၃း၁-၂၄ ကို ဖတ်စေပါ။

လူသားကျဆုံးခြင်းအကြောင်းပုံပြင်


၁) စာတန်သည် မြွေကဲ့သို့အသွင်ပြောင်းပြီး ဥယျာဉ်ထဲသို့ဝင်လာသည်။
၂) သူသည် ဧဝအား သင်သည်မသေပါ၊ ဘုရားသခင်ကဲ့သို့ ပင်ဖြစ်လိမ့်မည်ဟု ပြောဆိုခြင်းဖြင့် လိမ်သည်။
၃) ဧဝသည်စာတန်ကိုယုံပြီး ဘုရားသခင်သူမအားပြောခဲ့သည်ကို သံသယစဝင်သည်။
၄) သူမသည် အသီးကိုစားသည်။
၅) သူမသည် အာဒံကိုလည်းပေးကာ သူလည်းစားသည်။
၆) သူတို့၏မျက်စိသည် ပွင့်လင်းလာသည်။
၇) သူတို့သည် အဝတ်အချည်းစည်းရှိသည်ကိုသိမြင်ပြီး သူတို့ကိုသူတို့ဖုံးအုပ်ကြသည်။
၈) ဘုရားသခင်သည် အာဒံနှင့်ဧဝတို့ အတွက် ဖုံးအုပ်ပေးရန် တိရစ္ဆာန်တစ်ကောင်ကို သတ်သည်။

၉) ဘုရားသခင်သည် ထိုလူလင်မယားအား ဥယျာဉ်ထဲမှ နှင်ထုတ်သည်။

အကျိုးရလဒ်ကား အဘယ်အရာနည်း။ ဘုရားသခင်နှင့်ဆက်သွယ်မှု သည်(Ko) ပျက်စီးစေခဲ့သည်။

IV. အပြစ်၏အကျိုးသက်ရောက်မှု/ဘုရားသခင်အားနာမခံခြင်း (၂၀”)

ပျက်စီးသွားသောဆက်သွယ်မှုများ၏ရုပ်ပုံကို ဆွဲပါ။




အဖွဲ့ငယ်လေးဖွဲ့ထံသို့ ပြန်သွားပါ။ အဖွဲ့စီတိုင်းအားလုံး မေးခွန်းတစ်ခုကိုဖြေဆိုခြင်းနှင့်အတူ သို့မဟုတ် စုပေါင်းအဖွဲ့ကြီးကဲ့သို့ ၎င်းကိုလုပ်ဆောင်ပါ။

၁၊ ပျက်စီးသွားသော ဘုရားသခင်နှင့်ကျွန်တော်တို့၏ဆက်သွယ်မှုသည် ကျွန်တော်တို့၏အသက်တာတွင် အဘယ်အရာ၌ အကျိုးသက်ရောက်ခဲ့သနည်း။

၂၊ ပျက်စီးသွားသော မိမိကိုယ်မိမိနှင့်ကျွန်တော်တို့၏ဆက်သွယ်မှုသည် ကျွန်တော်တို့၏အသက်တာတွင် အဘယ်အရာ၌ အကျိုးသက်ရောက်ခဲ့သနည်း။

၃၊ ပျက်စီးသွားသောအခြားသူများနှင့်ကျွန်တော်တို့၏ဆက်သွယ်မှုသည် အဘယ်အရာ၌ နာကျင်မှုကို ဖြစ်စေခဲ့သနည်း။

၄၊ ပျက်စီးသွားသော ဖန်ဆင်းခြင်းအရာနှင့်ကျွန်တော်တို့၏ဆက်သွယ်မှုသည် ကျွန်တော်တို့၏ လူ့အသိုင်းအဝိုင်း အား အဘယ်ကဲ့သို့ ဒုက္ခဝေဒနာခံစားရခြင်းကို ဖြစ်စေခဲ့သနည်း။

**အဓိကသော့ချက်များ**

**က၊ <u>ပျက်စီးသွားသော ဘုရားသခင်နှင့်ကျွန်တော်တို့၏ဆက်သွယ်မှုသည် ကျွန်တော်တို့၏အသက်တာတွင် အဘယ်အရာ၌ အကျိုးသက်ရောက်ခဲ့သနည်း။</u>**

၁၊ အပြစ်သည် ဘုရားသခင်ကမည်သူဖြစ်သည်ကို ကျွန်တော်တို့နားလည်သဘောပေါက်မှု

မူရင်းအဓိပ္ပာယ်အား ပျက်စေခြင်းကိုဖြစ်စေသည်။

၂၊ အပြစ်သည် ဘုရားသခင်ထံတော်မှ ကြောက်ရွံ့ခြင်း၊ ရှက်ကြောက်ခြင်း၊ အထီးကျန်ခြင်းနှင့် ခွဲခြားခြင်းတို့ကိုဖြစ်စေခဲ့သည်။

၃၊ ဘုရားသခင်နှင့် ဆက်သွယ်မှုတစ်ခုပြုလုပ်ရာတွင် ယဇ်ပူဇော်ခြင်းများ လိုအပ်သည်။ ဘုရားသခင်သည် သူတို့အတွက်ဝတ်လုံပြုလုပ်ရန် တိရစ္ဆာန်တစ်ကောင်ကို သတ်ခဲ့သည်။

၄၊ အာဒံနှင့်ဧဝတို့သည် ထာဝရအသက်ကိုဆုံးရှုံးခဲ့သည်။ သေခြင်းတရားသည် လောကသို့ ရောက်လာပြီး သူတို့သည်မြေကြီးသို့ပြန်သွား ရ လိမ့်မည်။

၅၊ သူတို့ သည် ဒေဝဥယျာဉ်မှနှင်ထုတ်ခြင်းကိုခံခဲ့ရသည်။ သူတို့သည် ဘုရားသခင်၏ဘုန်းကြီး သောရှေ့တော်မှ အဝေးသို့ရောက်ခဲ့သည်။ သူတို့၏ရပ်တည်မှုအနေအထားဆုံးရှုံးခဲ့ရသည်။

၆၊ ဘုရားသခင်တည်ရှိခြင်းကိုငြင်းဆိုပြီး ကျွန်တော်တို့ ၏အသက်တာတွင် အခွင့်အဏာရှိသည်။

၇၊ ကျွန်တော်တို့သည် လက်ဝယ်ရှိခြင်းများဖြင့် အချည်းနှီးဖြစ်ခြင်းကို ဖြည့်ရန်ရှာဖွေသည်။

၈၊ ကျွန်တော်တို့သည် အခြားသောအရာများကို ရုပ်တုဆင်းတုများကဲ့သို့ကိုးကွယ်သည်။

၉၊ ကျွန်တော်တို့သည် ဝိညာဉ်ဆိုင်ရာအစွမ်းမပြနိုင်သူများ/ညံ့ဖျင်းသူများဖြစ်လာသည်။

**ခ၊ <u>ပျက်စီးသွားသော မိမိကိုယ်မိမိနှင့်ကျွန်တော်တို့၏ဆက်သွယ်မှုသည် ကျွန်တော်တို့၏အသက်တာ တွင် အဘယ်အရာ၌ အကျိုးသက်ရောက်ခဲ့သနည်း။</u>**

၁၊အပြစ်သည် လူသားများကိုသူတို့သည်မည်သူဖြစ်သည်ကို မေ့လျော့စေရန် ဖြစ်စေခဲ့သည်။ သူတို့ သည် သူတို့၏လက္ခဏာကိုပျောက်ဆုံးခဲ့သည်။

၂၊ တော်လှန်ပုန်ကန်ခြင်း၊ ဝါကြွားခြင်း၊ ငြင်းပယ်ခြင်း၊ ရှက်ကြောက်ခြင်း

၃၊ ရုပ်တုဆင်းတုကိုးကွယ်ခြင်း၊ နတ်ဝိဇ္ဇာအတတ်ပညာ၊ မှော်ပညာ၊ လိင်၊ သေရည်သေရက်၊ မူးယစ်ဆေးဝါးများ၊ အလုပ်- ငြိမ်သက်ခြင်းနှင့် လုံခြုံမှုကိုပြန်ဖုံးရန် ကြိုးစားသည်။

၄၊ ကိုယ့်ကိုယ်ကိုတန်ဖိုးထားမှုကို လျော့စေခြင်း

၅၊ သို့မဟုတ် ကိုယ့်ကိုယ်ကို ပုံကြီးချဲ့၍ကြည့်ခြင်း/အထင်ကြီးခြင်း

၆၊ ကျွန်တော်တို့သည် လူသတ္တဝါဖြစ်လာခြင်းအား ဆုံးရှုံးသည်။

**ဂ၊ <u>ပျက်စီးသွားသော အခြားသူများနှင့်ကျွန်တော်တို့၏ဆက်သွယ်မှုသည် အဘယ်အရာ၌ နာကျင်မှုကို ဖြစ်စေခဲ့သနည်း။</u>**

၁၊ အပြစ်သည် ကျွန်တော်တို့နှင့်စပ်ဆိုင်သူထံမှ ကွဲပြားစေခြင်းကိုဖြစ်စေခဲ့သည်။

၂၊ အခွင့်အဏာနှင့်ပတ်သက်၍ မှားယွင်းစွာနားလည်ခြင်း

၃၊ မနာလိုဝန်တိုမှု၊ ကရုဏာမဲ့ခြင်းနှင့် စစ်ပွဲ တို့ရှိသည်။

၄၊ အခြားသူများအား ကြောက်ရွံ့ခြင်းရှိသည်။

၅၊ တပ်မက်လိုချင်စိတ်ပြင်းပြမှု၊ ငြင်းပယ်မှုနှင့် လိင်ရှုပ်ထွေးမှုတို့ရှိသည်။

၆၊ ခေါင်းပုံဖြတ်မှုနှင့် အလွဲသုံးစားပြုမှု

၇၊ အခြားသူများထက်ကိုယ့်ကိုယ်ကိုသာ၍အလေးထားခြင်း

၈၊ ကျွန်တော်တို့သည် အခြားသူများနှင့် ကျွန်တော်တို့၏ဆက်သွယ်မှုများမှာ ဆုံးရှုံးမှုဖြစ်လာခဲ့သည်။ ကျွန်တော်တို့သည် ပေးကမ်းရန်ဘာမျှမရှိပါ။

ဃ၊ **<u>ပျက်စီးသွားသော ဖန်ဆင်းခြင်းအရာနှင့်ကျွန်တော်တို့၏ဆက်သွယ်မှုသည် ကျွန်တော်တို့၏ လူ့အသိုင်းအဝိုင်း အား အဘယ်ကဲ့သို့ ဒုက္ခဝေဒနာခံစားရခြင်းကို ဖြစ်စေခဲ့သနည်း။</u>**

၁၊ ဒုက္ခဝေဒနာခံစားရခြင်းနှင့် ဖျားနာခြင်းတို့ရှိသည်။

၂၊ မြေကြီးသည် ကျိန်ခြင်းကိုခံရသည်။

၃၊ အလုပ်ကို ခက်ခက်ခဲခဲ ကြိုးစားလုပ်ဆောင်ရသည်။

၄၊ ဘဏ္ဍာစိုးဖြစ်ခြင်းထက် ခေါင်းပုံဖြတ်မှုကို ဖန်တီးခြင်း

၅၊ ပျင်းရိလာခြင်း သို့မဟုတ် ဆန့်ကျင်ခြင်း- အလုပ်စွဲလမ်းသူ (အလုပ်ကျေးကျွန်)

၆၊ ကျွန်တော်တို့သည် သယံဇာတအရင်းအမြစ်များတွင်ဆုံးရှုံးသူများဖြစ်လာခဲ့သည်။

**င၊ ဘုရားသခင်၏ဖေါ်ပြပြောဆိုမှုအရ မည်သူတို့သည် ဆုံးရှုံးသောသူ၊ ဆင်းရဲနွမ်းပါးသောသူဖြစ်သနည်း။**

ကျွန်တော်တို့အားလုံးတို့သည် ဆုံးရှုံးသောသူ၊ ဆင်းရဲနွမ်းပါးသောသူဖြစ်သည်။

**စ၊ လက်တွေ့လုပ်ဆောင်ရာပုံဥပမာ- ပညာမရှိခြင်း**

သင်ပစ်မှတ်ထားသောလူ့အသိုင်းအဝိုင်းတခုတွင် ဆင်းရဲနွမ်းပါးခြင်းသက်သာစေခြင်းဆီသို့ ဆုတောင်းနေသည်၊အလုပ်လုပ်နေသည်။ ဆင်းရဲနွမ်းပါးခြင်းဖြစ်ရသည့်အကြောင်းအရင်းတစ်ခုသည် ပညာမရှိခြင်းကြောင့်ဖြစ်သည်ဟု သင်ပြောလိမ့်မည်။

က၊ လူ့အသိုင်းအဝိုင်း မှ စံနမူနာဖြစ်သောအလုပ်သမားတို့သည် ပညာမရှိခြင်းအဖြစ်အပျက်ကို အဘယ်ကဲ့သို့တိုက်ရိုက်ပြောဆိုသနည်း။

စုပေါင်းအဖွဲ့တွင် ရုတ်တရက်စိတ်နောက်ခြင်း၊ အဖြေရှာနည်း

၁၊ ကျောင်းတစ်ကျောင်းတည်ဆောက်ပါ။

၂၊ ကျောင်းနည်းပြဆရာပြီးနောက်

၃၊ အလုပ်သင်တန်း၊ လေ့ကျင့်ခြင်း

၄၊ ဆရာများပို၍ငှါးရန်

၅၊ ကျောင်းသား၊သူများအတွက် ကျောင်းဝတ်စုံများဝယ်ယူပေးခြင်းနှင့်ထောက်ပံ့ပေးခြင်း

ခ၊ သို့သော် အကယ်၍ကျွန်တော်တို့သည် ဘုရားသခင်၊ မိမိကိုယ်ကိုမိမိ၊ အခြားသူများနှင့်ဖန်ဆင်းထားသောအရာ ထိုလေးခု၏ပျက်စီးခဲ့ခြင်းရှုမြင်ခြင်းမှ ဤအဖြစ်အပျက်ကို တိုက်ရိုက်ပြောဆိုလျှင် ဘာဖြစ်မည်နည်း။ အဘယ်ကဲ့သို့သောမေးခွန်းများကို မေးသင့်သနည်း။

စုပေါင်းအဖွဲ့တွင် ရုတ်တရက်စိတ်နောက်ခြင်း၊ အဖြေရှာနည်း။

၁၊ ကလေးများအားကျောင်းသို့သွားခြင်းမှတာဆီးနေသော လက်ခံယုံကြည်မှုများနှင့် စံများတစ်ခုခုရှိပါသလား။

၂၊မူလ-ရှိရင်း-အခြေသို့ ပြန်ရောက်စေရန်လုပ်ဆောင်ရန်လိုအပ်သော ပျက်စီးခဲ့သောဆက်သွယ်မှုများ ရှိပါသလား။

၃၊ တစ်နေရာတည်းတွင်နေထိုင်သူလူစုသည် သူတို့၏သယံဇာတအရင်းအမြစ်များအပေါ်သာ၍ဘဏ္ဍာစိုးများဖြစ်စေရန် အဘယ်ကဲ့သို့အားပေးနိုင်သနည်း။

## V. မူလ၊ရှိရင်းသို့ ပြန်ရောက်စေခြင်း၊ ရွေးနုတ်ကယ်တင်ခြင်းအတွက် ဘုရားသခင်၏အကြံအစည် (၁၀")

**"ဤအရာသည် ပုံပြင်၏အဆုံးခန်းလား။ မျော်လင့်ခြင်းရှိသလား။ ၎င်း သည် ရှာလုံ သို့မဟုတ် ဘုရားသခင်နှင့် ညီညွတ်ခြင်းကို နာလန်ထူရန်ဖြစ်နိုင်သလား။"**

ပျက်စီးသွားခဲ့သောဆက်သွယ်မှုများရုပ်ပုံ၏ မူလ၊ရှိရင်းသို့ပြန်ရောက်စေခြင်းပုံကို ဆွဲပြီး၊ အောက်ပါတို့ကိုဝေမျှပါ။

၁၊ ဘုရားသခင်၌ အကြံအစည်တစ်ခုရှိသည်။
၂၊ ကိုယ်တော်သည် ယေရှု(မေရှိယ) အား စေလွှတ်ခဲ့သည်။
၃၊ သခင်ယေရှု၏မွေးဖွါးခြင်းနှင့် သူ၏အသက်တာသည် ထူးခြားခဲ့သည်။
၄၊ သခင်ယေရှုသည် အရာအားလုံးကို မူလရှိရင်းသို့ပြန်ရောက်စေရန်သူလာခဲ့သည့် အကြောင်းသတင်းကောင်းကို ဝေမျှခဲ့သည်၊ ညွှန်ပြခဲ့သည်။
၅၊ လက်ဝါးကပ်တိုင်ပေါ်တွင် သူ၏သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအားဖြင့် သူသည် စာတန်ကိုသိမ်းယူပြီး သူ၏အခွင့်အဏာကိုအဝေးသို့ယူဆောင်ခဲ့သည်။
၆၊ ပျက်စီးသွားခဲ့သောဆက်သွယ်မှုအားလုံးကို ပြန်လည်သင့်မြတ်စေခဲ့ပြီး မူလရှိရင်းသို့ပြန်ရောက်စေခဲ့သည်။
၇၊ ဘုရားသခင်သည် သူဖန်ဆင်းထားသောအရာအားလုံးအား မှန်ကန်သောဆက်သွယ်မှုထဲသို့ ချထားပေးခဲ့သည်။

## VI. ခရစ်တော်၏နောက်လိုက်များကဲ့သို့ ကျွန်တော်တို့၏အခန်းကဏ္ဍ

ကောရိန္သု ဩဝါဒစာ ဒုတိယစောင် ၅း၁၈-၂၁ ကို ရေးစေပြီး ၎င်းကိုအသံကျယ်လောင်စွာဖတ်ခိုင်းပါ။

က၊ **ဤအရာက ဘာပြောဆိုသနည်း။ ကျွန်တော်တို့၏ အခန်းကဏ္ဍကား အဘယ်နည်း။**

၁၊ ယေရှုသည် လူသားကိုဘုရားသခင်နှင့်ပြန်လည်သင့်မြတ်စေသည်။
၂၊ ကျွန်တော်တို့သည် ကိုယ်တော်၏သံတမန်ဖြစ်ကြသည်။
၃၊ ကျွန်တော်တို့အား ပြန်လည်သင့်မြတ်စေခြင်းသာသနာလုပ်ငန်းကို ပေးထားသည်။ ကျွန်တော်တို့သည် ပျက်စီးသွားသောဆက်သွယ်မှုများကို ပြန်လည်သင့်မြတ်စေရန် ခေါ်ခြင်းခံရသည်။
၄၊ ကျွန်တော်တို့သည် ဤပျက်စီးသွားခဲ့သောကမ္ဘာတွင် ဘုရားသခင်၏နိုင်ငံတော်ကိုကိုယ်စားပြုရန် ခေါ်ခြင်းခံရသည်။
၅၊ ကျွန်တော်တို့သည် အသင်းတော်တွင်ပါဝင်သကဲ့သို့ ထိုပျက်စီးခဲ့သောဆက်သွယ်မှုလေးခုကို စိတ်နှလုံးထဲတွင်ထားရှိစေခြင်းနှင့်အတူ ပြန်လည်သင့်မြတ်ခြင်းလုပ်ငန်းတွင် ပါဝင်ရမည်။ အသင်းတော်သည် ကြီးမားသောပညတ်တရားနှင့် ကြီးမားသောစေခိုင်းချက်ကို ပြည့်စုံစေသည်။
၆၊ ရှေးက န ဦးအသင်းတော်များတို့သည် ပုံစံတစ်ခုဖြစ်ခဲ့သည်။ (အချိန်ရှိလျှင်ဥပမာအချို့ကိုပေးပါ)

## VII. ယနေ့ကြီးမားသောပုံပြင်မှ သင်ဘာကိုသင်ယူလေ့လာခဲ့သနည်း။ ကြီးမားသောပုံပြင်ကိုပြောပါ (၁၅")

သုံးယောက်အဖွဲ့များဖွဲ့စည်းပြီး ရုပ်ပုံကိုအသုံးပြုကာ ကြီးမားသောပုံပြင်ကိုဝေမျှရန် သူတို့အားမေးပါ။

အဖွဲ့မှတစ်ယောက်သည် ဖန်ဆင်းခြင်းပုံပြင်ကို ပြောဆိုပြီး ရုပ်ပုံကိုဆွဲသည်။ (၂”)
အဖွဲ့မှတစ်ယောက်သည်တော်လှန်ပုန်ကန်သောပုံပြင်ကို ပြောဆိုပြီး ရုပ်ပုံကိုဆွဲသည်။ (၂”)
အဖွဲ့မှတစ်ယောက်သည် မူလ၊ရှိရင်းသို့ ပြန်ရောက်စေခြင်းပုံပြင်ကိုပြောဆိုပြီး ရုပ်ပုံကိုဆွဲသည်။(၂”)

ကြီးမားသောပုံပြင်၏ဝေမျှခြင်းကို အစီရင်ခံစေခြင်း

**ရပ်တည်မှု -** ကျွန်တော်တို့သည် သမ္မာကျမ်းစာ၏ကြီးမြတ်သောပုံပြင်ကို နားလည်သဘောပေါက်သည်။
**ကျွမ်းကျင်မှု-** သင်တန်းသား၊သူများသည် သမ္မာကျမ်းစာ၏ကြီးမြတ်သောပုံပြင်ကိုပြောပြရန် ရုပ်ပုံများကို အသုံးပြုနိုင်လိမ့်မည်။
**အကဲဖြတ်ခြင်း-** သင်တန်းသား၊သူများတို့သည် သူတို့လေ့လာခဲ့သောအရာကို အခြားသူများအား ပြောပြနေသလား။
**တန်ဆာပလာများ-** အရွယ်အစားကြီးသောစာရွက်အချပ်များ၊ ဖောင်တိန်များ၊ တိပ်ပြား- သမ္မာကျမ်းစာများ
- ပျက်စီးသွားခဲ့သောဆက်သွယ်မှုများနှင့်အတူ အခြေခံဆက်သွယ်မှုများရုပ်ပုံလေးပုံ
- ပျက်စီးသွားခဲ့သောဆက်သွယ်မှုများရုပ်ပုံ၏မူလ၊ရှိရင်းသို့ ပြန်ရောက်စေခြင်း

---

ဤသင်ခန်းစာကို IDMM TOT 1 တွင် အသုံးပြုသည်။

**သရုပ်ဖော်ခြင်း-** အခြားသုံးယောက်သည် ဟန်ပန်အမူအရာဖြင့်သရုပ်ဖော်နေချိန် တစ်ဦးဦးက အောက်ပါ ဝါကျများကိုဖတ်ပါ။ လေးနက်ထင်ရှားမှုက ဘုရားသခင်သည် ရှိသမျှအရာအားလုံးကိုကောင်းစွာဖန်ဆင်းခဲ့ ခြင်း၊ သူဖန်းဆင်းထားသောအရာများနှင့် ညီညွတ်ခြင်း/သဘောကျကျေနပ်နစ်သက်ခြင်း အကြောင်းပေါ် ဖြစ်စေရမည်။

**ပထမနေ့** -ဘုရားသခင်သည် အလင်းကိုဖန်ဆင်းခဲ့ပြီး ၎င်းကို နေ့ဟူ၍၎င်း၊ မှောင်မိုက်ကို ည ဟူ ၍၎င်း ခေါ် ခဲ့သည်။ ထိုအလင်းကောင်းကြောင်းကို ဘုရားသခင်မြင်တော်မူ၏။
**ဒုတိယနေ့** -ဘုရားသခင်သည် မိုးကောင်းကင်ကိုဖန်ဆင်းခဲ့ပြီး ၎င်း သည်ကောင်းသည်ကို ဘုရားသခင်မြင်တော်မူ၏။
**တတိယနေ့** -ဘုရားသခင်သည် မြေကြီး၊ ပင်လယ်နှင့် အပင်များတို့ကို ဖန်ဆင်းတော်မူခဲ့၏။ ၎င်း သည် ကောင်းသည်ကို ဘုရားသခင်မြင်တော်မူ၏။
**စတုတ္ထနေ့** -ဘုရားသခင်သည် နေ၊ လ၊နှင့် ကြယ်များကို ဖန်ဆင်းခဲ့၏။ ၎င်း သည်ကောင်းသည်ကို ဘုရားသခင်မြင်တော်မူ၏။
**ပဉ္စမနေ့** -ဘုရားသခင်သည် ငါးနှင့် ငှက်များကိုဖန်ဆင်းခဲ့၏။ ၎င်း သည်ကောင်းသည်ကို ဘုရားသခင်မြင်တော်မူ၏။
**ဆဌမနေ့** -ဘုရားသခင်သည် တိရစ္ဆာန်နှင့် လူကိုဖန်ဆင်းခဲ့သည်။ ဘုရားသခင်သည် သူဖန်ဆင်းခဲ့ သမျှအားလုံးကိုမြင်ခဲ့ပြီး ထိုအရာအားလုံးသည် အလွန်ကောင်းမွန်သည်ကို မြင်ခဲ့၏။
**သတ္တမနေ့** -ဘုရားသခင်သည် သူ၏အလုပ်မှနား၍ ငြိမ်ဝပ်စွာနေခဲ့၏။

သင်တန်းမှူးသည် ပုံပြင်ပြောသူအတွက် မိတ္တူတစ်စုံကို ပုံနှိပ်ပေးပါ။

**သမ္မာကျမ်းစာကိုးကားချက်များ- ဘုရားသခင်၏အကြံအစည်တော်- ကြီးမားသောပုံပြင်**

(သင်တန်းမှူးအတွက် ကိုးကားချက်သာ- မှတ်စုအတွက်မဟုတ်ပါ)

<u>ကမ္ဘာဦးကျမ်း ၁း၂၆-၃၁</u>

**၂၆** တဖန်ဘုရားသခင်က၊ ငါတို့ပုံသဏ္ဍာန်နှင့်တညီ တသဏ္ဍာန်တည်းလူကိုဖန်ဆင်းကြစို့။ သူသည် ပင်လယ်ငါးတို့ကိုင်း၊ မိုဃ်းကောင်းကင်ငှက်တို့ကိုင်း၊ သားယဉ်တို့ကိုင်း၊ မြေတပြင်လုံးနှင့်တကွ၊ မြေပေါ်မှာတွားတတ်သော တိရစ္ဆာန် အပေါင်းတို့ကိုင်း၊ အုပ်စိုးစေဟုအမိန့်တော်ရှိ၏။

**၂၇** ထိုသို့ဘုရားသခင်သည်မိမိပုံသဏ္ဍာန်နှင့်အညီလူကိုဖန်ဆင်းတော်မူ၏။ ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီ လူယောကျ်ား၊ လူမိန်းမကိုဖန်ဆင်းပြီးလျှင်၊

**၂၈** အချင်းတို့များပြားစွာမွေးဖွားကြလော့။ မြေကြီးကိုပြည့်၍နိုင်ကြလော့။ ပင်လယ်ငါးတို့ကိုင်း၊ မိုဃ်းကောင်းကင်ငှက်တို့ကိုင်း၊ အသက်ရှင်၍မြေပေါ်မှာလှုပ်ရှားတတ်သော တိရိစ္ဆာန် အပေါင်းတို့ကိုင်း အုပ်စိုးကြလော့ဟုမိန့်တော်မူ၍၊ သူတို့ကိုကောင်းကြီးပေးတော်မူ၏။

**၂၉** ဘုရားသခင်ကလည်း၊ ကြည့်ရှုလော့။ မြေတပြင်လုံး၌စပါးသီးကိုဖြစ်စေသော စပါးပင်အမျိုးမျိုးတို့ကို ငင်း၊ မျိုးစေ့ကိုဖြစ်စေသော အသီးနှင့်ပြည့်စုံသော သစ်ပင်အမျိုးမျိုးတို့ကိုင်း၊ သင်တို့စားစရာဖို့ငါပေး၏။

**၃၀** မြေသား၊ မိုဃ်းကောင်းကင်ငှက်၊ အသက်ရှင်၍မြေပေါ်မှာ တွားတတ်သော တိရစ္ဆာန်မျိုးအပေါင်းတို့ စားစရာဘို့၊ မြက်ပင်အမျိုးမျိုးတို့ကို ငါပေးမည်ဟုမိန့်တော်မူသည့်အတိုင်းဖြစ်လေ၏။

**၃၁** ဘုရားသခင်သည် မိမိဖန်ဆင်းသမျှသောအရာတို့ကိုကြည့်ရှုလျှင်၊ အလွန်ကောင်းသည်ကိုမြင်တော်မူ၍၊ ညဦးနှင့်နံနက်သည် ဆဋ္ဌမနေ့ရက်ဖြစ်လေ၏။

<u>ကမ္ဘာဦးကျမ်း ၃း၅</u>

**၅** အကြောင်းမူကား၊ ထိုအသီးကိုစားသောနေ့၌ သင်တို့သည်မျက်စိပွင့်လင်းလျက် ကောင်းမကောင်းကို သိ၍၊ ဘုရားသခင်ကဲ့သို့ဖြစ်ကြလတံ့()ကို၊ ဘုရား()သိတော်မူသည်ဟုမိန်းမအားဆို၏။

<u>ကမ္ဘာဦးကျမ်း ၂း၁၅-၁၇</u>

**၁၅** ထိုအခါထာဝရအရှင်ဘုရားသခင်သည် လူကိုယူ၍ဧဒင်ဥယျာဉ်ကိုပြုစုစောင့်နေစေခြင်းငှါ ထားတော်မူ၏

**၁၆** ထာဝရအရှင်ဘုရားသခင်ကလည်း၊ ကောင်းမကောင်းကိုသိကျွမ်းရာအပင်မှတပါး၊ ထိုဥယျာဉ်၌ရှိသမျှသောအပင်တို့၏အသီးကိုသင်သည်စားရသောအခွင့်ရှိ၏။

**၁၇** ထိုအပင်၏အသီးကိုကားမစားရ။ စားသောနေ့တွင်ဧကန်အမှန်သေရမည်ဟုလူကိုပညတ်ထားတော်မူ၏။

<u>ကမ္ဘာဦးကျမ်း ၃း၁-၂၄</u>

**၁** မြွေသည် ထာဝရအရှင်ဘုရားသခင်ဖန်ဆင်းတော်မူသော မြေတိရစ္ဆာန်တကာတို့ထက်လိမ္မာသည်ဖြစ်၍၊ မိန်းမအား၊ သင်တို့သည်ဥယျာဉ်၌ရှိသမျှသောအပင်တို့၏အသီးကိုမစားရဟု ဧကန်စင်စစ်ဘုရားသခင် မိန့်တော်မူသလောဟုမေး၏။

**၂** မိန်းမကလည်း၊ ငါတို့သည်ဥယျာဉ်၌ရှိသော အပင်တို့၏အသီးကိုစားရသောအခွင့်ရှိ၏။

**၃** ဥယျာဉ်အလယ်၌ရှိသောအပင်၏အသီးကိုကား၊ သင်တို့သည်မကိုင်မစားဘဲနေကြလော့။သို့မဟုတ် သေမည်ဟုဘုရားသခင်အမိန့်တော်ရှိသည်ဟု မြွေအားဆို၏။

၄ မြွေကလည်း၊ သင်တို့သည်ကေန်အမှန်သေရမည်မဟုတ်။
၅ အကြောင်းမူကား၊ ထိုအသီးကိုစားသောနေ့၌ သင်တို့သည်မျက်စိပွင့်လင်းလာလျက် ကောင်းမကောင်းကို သိ၍၊ ဘုရားသခင်ကဲ့သို့ဖြစ်ကြလတ့်သည်ကို၊ ဘုရားသခင်သိတော်မူသည်ဟုမိန်းမအားဆို၏။
၆ ထိုအပင်သည်စားဘွယ်ကောင်းခြင်း၊ အဆင်းလည်းလှခြင်း၊ ပညာတိုးပွားစေလိုသောငှါ၊ နှစ်သက်ဘွယ် သောအပင်ဖြစ်ခြင်းကိုမိန်းမသည်မြင်လျှင်၊ အသီးကိုယူ၍စား၏။မိမိခင်ပွန်းအားလည်းပေး၍ သူသည်လည်း စား၏။
၇ ထိုသူနှစ်ယောက်တို့သည်မျက်စိပွင့်လင်း၍၊ မိမိတို့အဝတ်အချည်းစည်းရှိသည်ကိုမြင်လျှင်၊ မိမိတို့ ဝတ်ရန်ဘို့ သင်္ဘောသဖန်းပင်အရွက်တို့ကိုချုပ်စပ်၍ခါးစည်းကိုလုပ်ကြ၏။
၈ နေဝသောအချိန်တွင်၊ ထိုဥယျာဉ်၌ ထာဝရအရှင်ဘုရားသခင်ကြွတော်မူသောအသံကို လူလင်မယားတို့ သည်ကြားလျှင်၊ အထံတော်မှလွတ်ခြင်းငှါ၊ ဥယျာဉ်အပင်တို့တွင် ပုန်းကွယ်လျက်နေကြ၏။
၉ ထာဝရအရှင်ဘုရားသခင်ကလည်း၊ သင်သည် အဘယ်မှာရှိသနည်းဟု၊ လူကိုခေါ်တော်မူ၏။
၁၀ လူကလည်း၊ ဥယျာဉ်၌ကိုယ်တော်၏အသံကိုကျွန်တော်ကြားလျှင်၊ အဝတ်အချည်းစည်းရှိသောကြောင့်၊ ကြောက်၍ပုန်းလျက်နေပါသည်ဟု လျှောက်လေ၏။
၁၁ ဘုရားသခင်ကလည်း၊ သင်၌အဝတ်အချည်းစည်းရှိသည်ကိုသင်အားအဘယ်သူပြောသနည်း။ မစားရ ဟု ငါပညတ်သော အပင်၏အသီးကိုစားပြီးလောဟုမေးတော်မူ၏။
၁၂ လူကလည်း၊ ကျွန်တော်၌အပ်ပေးတော်မူသောမိန်းမသည် ထိုအပင်၏အသီးကိုပေး၍ ကျွန်တော်စားမိ ပါသည်ဟုလျှောက်လေ၏။
၁၃ ထာဝရအရှင်ဘုရားသခင်ကလည်း၊ သင်သည်အဘယ်သို့ပြုပြီးသနည်းဟု မိန်းမအားမေးတော်မူလျှင်၊ မိန်းမက၊ မြွေသည် ကျွန်တော်မကိုလှည့်စား၍၊ ကျွန်တော်မသည်စားမိပါပြီဟုလျှောက်လေ၏။
၁၄ ထာဝရအရှင်ဘုရားသခင်သည် မြွေကိုခေါ်၍ သင်သည်ဤအမှုကိုပြုသောကြောင့်၊ သားယဉ်၊ သားရဲ အပေါင်းတို့ထက် ကျိန်ခြင်းကိုခံရ၏။ သင်သည်ဝမ်းဖြင့်သွား၍မြေမှုန့်ကို တသက်လုံးစားရမည်။
၁၅ သင်နှင့်မိန်းမကိုၚင်း၊သင်၏အမျိုးအနွယ်နှင့်မိန်းမအမျိုးအနွယ်ကိုၚင်း၊ ငါသည်ရန်ငြိုးဖွဲ့စေမည်။သူသည် သင်၏ခေါင်းကိုကြိတ်လိမ့်မည်၊ သင်သည်သူ၏ဖနောင့်ကိုကြိတ်လိမ့်မည်ဟုမိန့်တော်မူ၏။
၁၆ မိန်းမကိုလည်း၊ သင်၌ကိုယ်ဝန်ဆောင်ခြင်းဝေဒနာကို ငါအလွန်များပြားစေမည်။ ပင်ပန်းစွာဝေဒနာကို ခံ၍သားဘွားရမည်။ကိုယ်ခင်ပွန်း၏အလိုသို့လိုက်၍၊ သူ၏အုပ်စိုးခြင်းကိုလည်း ခံရမည်ဟုမိန့်တော်မူ၏။
၁၇ ယောကျ်ားကိုလည်း၊ ထိုအပင်၏အသီးကိုမစားရဟုငါပညတ်သော်လည်း၊ သင်သည်မယား၏စကားကို နားထောင်၍စားမိသောကြောင့်၊ မြေသည် သင်၏အတွက်ကျိန်ခြင်းကိုခံလျက်ရှိ၏။ မြေ၏အသီးကို တသက် ပတ်လုံးပင်ပန်းစွာစားရမည်။
၁၈ ဆူးပင်အမျိုးမျိုးတို့ကိုလည်း သင်အဘို့မြေပေါက်စေမည်။ လယ်၌ဖြစ်သောဟင်းသီးဟင်းရွက်ကို သင် စားရမည်။
၁၉ သင်ထွက်ရာမြေသို့ မပြန်မှီတိုင်အောင်၊ သင်၏ မျက်နှာမှချွေးထွက်လျက် အစာကိုစားရမည်။ အကြောင်းမူကား၊ သင်သည်မြေမှုန့်ဖြစ်၍၊ မြေမှုန့်သို့ ပြန်ရမည်ဟုမိန့်တော်မူ၏။
၂၀ ထိုအခါလူသည် မိမိမယားကို၊ ဧဝအမည်ဖြင့်မှည့်လေ၏။ အကြာင်းမူကား၊ သူသည် အသက်ရှင်သော သူအပေါင်းတို့၏အမိဖြစ်သတည်း။
၂၁ ထာဝရအရှင်ဘုရားသခင်သည်လည်း၊ လူလင်မယားဘို့သားရေဖြင့်ဝတ်လုံကို လုပ်၍ဝတ်ခြုံစေတော် မူမည်။

**၂၂** ထာဝရအရှင်ဘုရားသခင်ကလည်း၊ လူသည်ငါတို့တွင်တပါးပါးကဲ့သို့ဖြစ်၍၊ ကောင်းမကောင်းကို သိတတ်၏။ ယခုမှာသူသည် ထာဝရအသက်ကိုရခြင်းငှါ၊ လက်ကိုဆန့်လျက်အသက်ပင်၏အသီးကိုယူ၍ မစားသင့်ဟုမိန့်တော်မူ၍၊
**၂၃** လူသည်မိမိထွက်သောမြေ၌လုပ်ရမည်အကြောင်း၊ ထာဝရအရှင်ဘုရားသခင်သည်၊ ဒေဝဥယျာဉ်ထဲက လွှတ်လိုက်တော်မူ၏။
**၂၄** ထိုသို့လူကို နှင်ထုတ်ပြီးလျှင်၊ အသက်ပင်လမ်းကိုစောင့်ရှောက်စေခြင်းငှါ၊ မီးစက်လက်နက်နှင့်တကွ ခေရုဗိမ်တို့ကို ဥယျာဉ်အရှေ့ဘက်၌ထားတော်မူ၏။

ဟေဗြဲသြဝါဒစာ ၁း၂-၃
**၂** ငါတို့ အားဗျာဒိတ်ပေးတော်မူပြီ။ ထိုသားတော်ကိုအလုံးစုံတို့၏အမွေခံသခင်အရာ၌ ခန့်ထားတော်မူပြီ။ သားတော်အားဖြင့်လည်းလောကဓာတ်တို့ကို တည်တော်မူ၏။
**၃** ထိုသားတော်သည် ဘုရားသခင်၏ဘုန်းတော်ရောင်ခြည်နှင့် ဇာတိအဖြစ်တော်၏ ပုံသဏ္ဌာန်ဖြစ်၍၊ တန်ခိုးနှင့်ပြည့်စုံသော မိမိအမိန့်တော်အားဖြင့် ခပ်သိမ်းသောအရာတို့ကို မစတော်မူသောသူဖြစ်လျက်၊ ငါတို့အပြစ်များကိုကိုယ်တိုင်အားဖြင့်သုတ်သင်ပယ်ရှင်းပြီးလျှင်၊ မြင့်သောအရပ်မှာတန်ခိုးအာနုဘော်တော်၏ လက်ျာဘက်၌ထိုင်တော်မူ၏။

ကောလောသဲသြဝါဒစာ ၁း၁၅-၂၀
**၁၅** ထိုသားတော်သည် မျက်မြင်မရသောဘုရားသခင်၏ပုံသဏ္ဌာန်ဖြစ်၏။ ဝေနေယျသတ္တဝါအပေါင်း တို့တွင်လည်း သားဦးဖြစ်တော်မူ၏။
**၁၆** အကြောင်းမူကား၊ ထိုသားတော်သည် ကောင်းကင်ပေါ်၊ မြေကြီးအပေါ်မှာရှိသမျှသောရူပအရာ၊ အရူပ အရာ၊ ရာဇပလ္လင်ဖြစ်စေ၊ အစိုးရခြင်းတန်ခိုးဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာစက်ဖြစ်စေ၊ ခပ်သိမ်း သောအရာတို့ကိုဖန်ဆင်းတော်မူ၏။ ထိုသခင်အားဖြင့်၎င်း၊ ထိုသခင်အဘို့အလိုငှါ၎င်း၊ ခပ်သိမ်းသောအရာ တို့သည်ဖန်ဆင်းလျက်ဖြစ်ကြ၏။
**၁၇** သားတော်သည်လည်းခပ်သိမ်းသောအရာမဖြစ်မှီဖြစ်တော်မူ၍ ခပ်သိမ်းသောအရာတို့သည် တန်ခိုး တော်အားဖြင့်သာ တည်ကြ၏။
**၁၈** အသင်းတော်တည်းဟူသောကိုယ်၏ဦးခေါင်းဖြစ်တော်မူ၏။ အရာရာ၌ထူးမြတ်ခြင်းငှါမူလအရင်းဖြစ်၍၊ သေသောသူတို့တွင်သားဦးဖြစ်တော်မူ၏။
**၁၉** အကြောင်းမူကား၊ ခပ်သိမ်းသောပြည့်စုံခြင်းကိုသားတော်၌ကျိန်းဝပ်စေခြင်းငှါ၎င်း၊
**၂၀** လက်ဝါးကပ်တိုင်မှာသွန်းသောအသွေးတော်အားဖြင့်ရန်ကိုငြိမ်းစေ၍၊ ကောင်းကင်အရာဖြစ်စေ၊ မြေကြီး အရာဖြစ်စေ၊ ခပ်သိမ်းသောအရာတို့ကိုသားတော်အားဖြင့်ဘုရားသခင်နှင့် မိဿဟာရဖွဲ့ငှါ၎င်း အလိုရှိ ၏။

ရှင်လုကာခရစ်ဝင် ၄း၁၆-၂၁
**၁၆** ကြီးပွားတော်မူရာနာဇရက်မြို့သို့ရောက်ပြန်လျှင်၊ ထုံးစံတော်ရှိသည်အတိုင်း ဥပုသ်နေ့၌တရားစရပ်သို့ ဝင်၍ကျမ်းစာကိုဘတ်ရွတ်စေခြင်းငှါထတော်မူ၏။
**၁၇** စရပ်စောင့်သည်ပရောဖက်ဟေရှာယ၏ကျမ်းစာကိုပေးသည်ဖြစ်၍၊ကျမ်းစာကိုဖွင့်တော်မူလျှင်တွေ့သော အချက်စကားဟူမူကား

၁၈ ထာဝရဘုရား၏ဂိုဏ်ညာဉ်တော်သည်ငါ့အပေါ်၌တည်တော်မူ၏။
၁၉ အကြောင်းမူကား၊ ဆင်းရဲသားတို့အားဧဝံဂေလိတရားဟောပြောစေခြင်းငှါငါ့ကို ဘိသိက် ပေးတော်မူပြီ။ ကြေမွသောသူတို့၏အနာကိုပျောက်စေခြင်းငှါ၎င်း၊ဘမ်းသွားချုပ်ထားလျက်ရှိသော သူတို့အားလွှတ်ခြင်းအကြောင်းနှင့်မျက်စိကန်းသောသူတို့အားမျက်စိပြန်မြင်ခြင်းအကြောင်းကိုပြစေခြင်းငှါ၎င်း၊ ညှင်းဆဲခံရသောသူတို့ကိုကယ်မစေခြင်းငှါ၎င်း၊ထာဝရဘုရား၏မင်္ဂလာနှစ်ကာလကိုကြားပြောစေခြင်းငှါ၎င်း၊ ငါ့ကိုစေလွှတ်တော်မူပြီဟုလာသတည်း။
၂၀ ကျမ်းစာကိုလိပ်၍စရပ်စောင့်အားပေးပြီးမှထိုင်တော်မူ၏။ စရပ်၌ရှိသောသူအပေါင်းတို့သည် ကိုယ်တော်ကိုစေ့စေ့ကြည့်လျက်နေကြ၏။

ရှင်လုကာခရစ်ဝင် ၄း၄၃

၄၃ ကိုယ်တော်ကလည်း၊ ဘုရားသခင်၏နိုင်ငံတော်နှင့် ယှဉ်သောဧဝံဂေလိတရားကို အခြားသောမြို့ရွာတို့၌ငါဟောပြောရမည်။

ရှင်မဿဲခရစ်ဝင် ၄း၂၃

၂၃ ယေရှုသည်တရားစရပ်တို့၌ဆုံးမသြဝါဒပေးလျက်၊ နိုင်ငံတော်နှင့်ယှဉ်သောဧဝံဂေလိတရားကိုဟောလျက်၊ လူတို့တွင်အနာရောဂါအမျိုးမျိုးတို့ကို ငြိမ်းစေလျက်၊ဂါလိလဲပြည်တပြည်လုံးကိုဒေသစာရီ လှည့်လည်တော်မူ ၏။

ရှင်မဿဲခရစ်ဝင် ၉း၃၅

၃၅ ယေရှုသည်တရားစရပ်တို့၌ဆုံးမသြဝါဒပေးလျက်၊ နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကိုဟော လျက်၊ လူများခံရသောအနာရောဂါအမျိုးမျိုးတို့ကိုငြိမ်းစေလျက်၊ မြို့ရွာရှိသမျှတို့ကိုဒေသစာရီ လှည့်လည် တော်မူ၏။လူအစုအဝေးတို့ကိုမြင်လျှင် သနားခြင်းစိတ်ရှိတော်မူ၏။

ရှင်လုကာခရစ်ဝင် ၉း၁-၂

၁ တကျိပ်နှစ်ပါးသောတပည့်တော်တို့ကို စုဝေးစေတော်မူပြီးမှ၊ နတ်ဆိုးအပေါင်းတို့ကိုနိုင်သော တန်ခိုးနှင့် အနာရောဂါတို့ကို ငြိမ်းစေခြင်းငှါ အခွင့်တန်ခိုးကိုပေးတော်မူ၏။
၂ ဘုရားသခင်၏ နိုင်ငံတော်အကြောင်းကို ဟောပြောစေခြင်းငှါ၎င်း၊ လူနာတို့ကိုချမ်းသာစေခြင်းငှါ ၎င်းစေလွှတ်တော်မူ၍၊


ရှင်လုကာခရစ်ဝင် ၁၀း၈-၉

၈ အကြင်မြို့သို့ သင်တို့သင်တို့ဝင်၍ မြို့သားတို့သည်လက်ခံ၏။ ထိုမြို့၌သင်တို့ရှေ့မှာထည့်သမျှကို စားကြလော့။ လူနာများကိုချမ်းသာပေးကြလော့။
၉ဘုရားသခင်၏နိုင်ငံတော်သည် သင်တို့၌တည်ထောင်သော အချိန်နီးပြီဟု သူတို့အားဟောပြောကြလော့။

ကောရိန္သုသြဝါဒစာဒုတိယစောင် ၅း၁၈-၂၀

၁၈ထိုသို့ဖြစ်သော်ဘုရားသခင်၏တန်ခိုးတော်အားဖြင့်ဖြစ်ကြ၏။ဘုရားသခင်သည်ယေရှုခရစ်အားဖြင့် ငါတို့၏ရန်ကိုငြိမ်းစေ၍ကိုယ်တော်နှင့် မိဿဟာယဖွဲ့စေတော်မူ၏။ ထိုမိဿဟာယတရားကိုဟောရသော အခွင့်အရာကိုငါတို့၌အပ်ပေးတော်မူ၏။
၁၉ဘုရားသခင်သည်ခရစ်တော်အထဲ၌ရှိနေလျက်၊လောကီသားတို့၏အပြစ်များကိုမှတ်တော်မမူ၊ ရန်ကိုငြိမ်း စေ၍ကိုယ်တော်နှင့်မိဿဟာယဖွဲ့စေတော်မူ၏။ ထိုမိဿဟာယတရားကိုလည်းငါတို့၌အပ်ပေးတော်မူ ၏။
၂၀ ထို့ကြောင့် ငါတို့သည်ခရစ်တော်၏သံတမန်ဖြစ်ကြ၏။ သင်တို့သည်ရန်ငြိမ်း၍ ဘုရားသခင်နှင့် မိဿဟာယဖွဲ့ကြလော့ဟု ဘုရားသခင်သည်ငါတို့အားဖြင့်နှိုးဆော်သွေးဆောင်တော်မူသကဲ့သို့၊ ငါတို့သည် ခရစ်တော်၏ကိုယ်စားဖြစ်၍သင်တို့ကိုတောင်းပန်သွေးဆောင်ကြ၏။


## အခြေခံကျသောဆက်သွယ်မှုလေးခု




### ပျက်စီးသွားခဲ့သော ဆက်သွယ်မှုများ



### ရွေးနုတ်ကယ်တင်ခြင်း




### ကြီးမားသောပုံပြင်ကိုးကားချက်များ

ကမ္ဘာဦးကျမ်း ၁း၂၆-၃၁
ကမ္ဘာဦးကျမ်း ၃း၁၅
ကမ္ဘာဦးကျမ်း ၂း၁၅-၁၇
ကမ္ဘာဦးကျမ်း ၃း၁-၂၄

ဧဖက်ဩဝါဒစာစောင် ၁း၂-၃
ကောလောသဲဩဝါဒစာစောင် ၁း၁၅-၂၀
ရှင်လုကာ ၄း၁၆-၂၁
ရှင်လုကာ ၄း ၄၃
ရှင်မဿဲ ၄း၂၃
ရှင်မဿဲ ၉း၁-၂
ရှင်မဿဲ ၄း၂၃
ရှင်မဿဲ ၉း၃၅
ရှင်လုကာ ၉း၁-၂
ရှင်လုကာ ၁၀း၈-၉
ကောရိန္သုဒုတိယစာစောင် ၅း၁၈-၂၀